

# 10 တန်း ကျောင်းသူ ကျောင်းသားများအတွက် မယ်နင်ဂိုကော့ကလ် ACWY ကာကွယ်ဆေး

## 2024 ခုနှစ်ဆိုင်ရာ အရေးကြီးသော အချက်အလက်များ

## ကျောင်း၌ ကာကွယ်ဆေးထိုးရန်အတွက် အွန်လိုင်း သဘောတူခွင့်ပြုချက်ကို ရယူနိုင်သည်။

မိဘများနှင့် အုပ်ထိန်းသူများသည် မိမိတို့၏ 10 တန်း တက်နေကြသော ကလေးများ၏ ပုံမှန် ကာကွယ်ဆေးထိုးခြင်းများအတွက် အွန်လိုင်းမှ ခွင့်ပြုသဘောတူညီချက်ကို ပေးနိုင်ကြပါသည်။

**သင်အောက်ပါတို့ကို လိုအပ်ပါလိမ့်မည်။**

၁။ သင်၏ Service NSW log-in အချက်အလက်များ

၂။ (အကယ်၍ သင်တို့နှစ်ဦးစလုံး၌ရှိလျှင်) သင်နှင့် သင့်ကလေး၏ မယ်ဒီကဲ ကတ်ပြားနံပါတ်

၃။ သင့်ကလေး 2024 ခုနှစ်တွင် တက်မည့် အလယ်တန်းကျောင်း၏ အသေးစိတ်အချက်အလက်များ။

နယူးဆောက်သ်ဝေးလ်စ် ကျောင်း ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ အစီအစဉ်နှင့် ပတ်သက်သော နောက်ထပ်အချက်အလက်များကို health.nsw.gov.au/schoolvaccination တွင်ကြည့်ပါ။

အွန်လိုင်း သဘောတူခွင့်ပြုချက်ကို ပေးရန် https://engage.health.nsw.gov.au/engage တွင်ကြည့်ပါ။

**နောက်ထပ်အချက်အလက်များ**

# မယ်နင်ဂို ကော့ကလ် ACWY ကာကွယ်ဆေး

Meningococcal ACWY vaccination

## မိဘများအတွက် အချက်အလက်များ စာစောင်

နယူးဆောက်သ်ဝေးလ်စ် ကျန်းမာရေး အဖွဲ့အစည်းသည် နိုင်ငံတော် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ သုတေသနကောင်စီမှ အရွယ်ရောက်ကြသူများအတွက် အကြံပြုထားသော ကာကွယ်ဆေးများကို ကျောင်း ကာကွယ်ဆေးထိုးခြင်းအစီအစဉ်အရ ဆေးထိုးပေးပါသည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို တင်ပြရမည်။

သင် နောက်ထပ် လုပ်ဆောင်စရာများ

- ဤအချက်အလက်စာစောင်ကို သေချာစွာဖတ်ရှုပါ။
- အကယ်၍သင်သည် သင့်ကလေးကို မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေး ထိုးပေးစေလိုပါက ကျေးဇူးပြု၍ သင့်သဘောတူ ခွင့်ပြုချက်ကို အွန်လိုင်းအရပေးပါ၊ သို့မဟုတ် သင့်ကျောင်းမှ ပုံနှိပ်ထားသောပုံစံကို တောင်းခံပါ။
- အကယ်၍ သင့်ကလေးအား မယ်နင်ဂို ကော့ကလ် ACWY ကာကွယ်ဆေးကို မထိုးပေးစေလိုပါက သဘောတူ ခွင့်ပြုချက်ကို မပေးပါနှင့်။

### ကျောင်းမှ ဆေးထိုးနှံခြင်းအတွက် သဘောတူခွင့်ပြုချက်ကို ကျွန်ုပ်မည်သို့ ပေးပို့ရမည်နည်း။

အွန်လိုင်းပေးပို့ရန်အတွက် သင်လိုအပ်မည်များမှာ -

1. သင်၏ Service NSW log-in အချက်အလက်များ
2. (အကယ်၍ သင်တို့နှစ်ဦးစလုံး၌ရှိလျှင်) သင်နှင့် သင့်ကလေး၏ မယ်ဒီကဲကတ်ပြားနံပါတ်

- အကယ်၍သင်နှင့် သင့်ကလေး၌ မယ်ဒီကဲကတ်မရှိပါက (ကျောင်းတွင် တောင်းယူရရှိနိုင်သည့်) ပုံနှိပ်ထားသော သဘောတူခွင့်ပြုချက်ပုံစံကို ဖြည့်စွက်ပြီး သဘောတူညီချက် ပေးနိုင်ပါသေးသည်။

### ကျွန်ုပ်၏ ခွင့်ပြုသဘောတူညီချက်ကို ရုပ်သိမ်းနိုင်သလား။

မိဘများသည် ကာကွယ်ဆေးမထိုးမီ အချိန်မရွေး သဘောတူညီချက်ကို ပြန်လည် ရုပ်သိမ်းနိုင်ပါသည်။

သဘောတူညီချက်ကို အွန်လိုင်းပေးပို့ခဲ့ပြီးနောက် ပြန်လည်ရုပ်သိမ်းလိုပါက လုံခြုံစိတ်ချရသော NSW Health အွန်လိုင်း သဘောတူညီချက် ဝက်ဘ်ဆိုက်ထဲ ဝင်ပြီး သဘောတူညီချက် ပြန်လည်ရုပ်သိမ်းရန် လမ်းညွှန်ချက်များကို လိုက်လုပ်ပါ။

သဘောတူညီချက်ကို ပုံနှိပ်ပုံစံဖြင့် ပေးပို့ထားပါက ပြန်လည်ရုပ်သိမ်းကြောင်း အကြောင်းကြားလိုလျှင် ကျောင်းကို စာရေး၍ဖြစ်စေ ဖုန်းဆက်၍ဖြစ်စေ သက်ဆိုင်သော ကျောင်းသား၏ အမည်၊ အတန်းနှင့် ထိုကာကွယ်ဆေးအမည်များကို အသိပေးပါ။

### ဦးနှောက်အမြှေး နှင့် ကျောရိုးအာရုံကြော ရောင်ရမ်းရောဂါဆိုသည်မှာ ဘာလဲ။

မယ်နင်ဂို ကော့ကလ် (meningococcal - ဦးနှောက်အမြှေး နှင့် ကျောရိုး အာရုံကြော ရောင်ရမ်းရောဂါ) ရောဂါ သည် ရှားရှားပါးပါး ကူးစက်ရောဂါတစ်ခု ဖြစ်သည်၊ သို့သော်လည်း မယ်နင်ဂျိုင်းတစ်စ် (meningitis) (ဦးနှောက် အတွင်းမှက်နှာပြင် နှင့် ကျောရိုးအာရုံကြိုးတို့အား ရောင်ရမ်းစေမှု) နှင့်/သို့မဟုတ် ဆဲပ်တီစီးမီးယား (septicaemia) (သွေးအဆိပ်တက်ရောဂါ) ကို အများအားဖြင့် ဖြစ်လာစေနိုင်သော ပြင်းထန်သည့် ကူးစက်ရောဂါတစ်ခုဖြစ်သည်။

မယ်နင်ဂို ကော့ကလ် ရောဂါ၏ လက္ခဏာများမှာ တစ်သီးတစ်ခြားဖြစ်နိုင်ဖွယ်မရှိသော်လည်း၊ ၎င်းတွင် ရုတ်တရက် အဖျားတက်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်တောင့်တင်းခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခရမ်းနီရောင် အစက်အပြောက်များရှိသော အင်ပြင် သို့မဟုတ် အတွင်းကြေဒဏ်ရာများအပြင်၊ တောက်ပသော အလင်းရောင်ကို မနှစ်မြို့ခြင်း၊ ပျို့တက်ခြင်း နှင့် အော့အန်ခြင်းတို့ ပါဝင်နိုင်သည်။

သင့်လျော်ရာ ပဋိဇီဝဆေးနှင့် ကုသပေးလင့်ကစား၊ မယ်နင်ဂို ကော့ကလ် ကူးစက်ရောဂါရှိသူ 10 ရာခိုင်နှုန်းအထိသည် သေဆုံးနိုင်ပြီး၊ မသေဘဲ ကျန်ရစ်သူများ၌ ရေရှည်ကာလတွင် ဆင့်ပွားရောဂါများ ဖြစ်လာနိုင်ဖွယ်ရှိသည်။

### မယ်နင်ဂို ကော့ကလ် ရောဂါ မည်ကဲ့သို့ ပျံ့နှံ့သလဲ။

မယ်နင်ဂို ကော့ကလ် ဘက်တီးရီးယားပိုးသည် နှာခေါင်း နှင့် အာခေါင်အနောက်ရှိ တံတွေးမှတဆင့် လူများအကြား ကူးလူးပျံ့နှံ့သည်။ ရောဂါကူးစက်ရန်မှာ ယင်းဘက်တီးရီးယားပိုးအား သယ်ဆောင်ထားသော်ငြားလည်း၊ သာမန်အားဖြင့် လုံးဝနေထိုင်ကောင်းနေသူတစ်ဦးနှင့် နီးနီးကပ်ကပ်နေ၍ အချိန်ကြာမြင့်စွာ ထိတွေ့မှုရှိရန် ယေဘုယျအားဖြင့် လိုအပ်သည်။ “နီးနီးကပ်ကပ်နေ၍ အချိန်ကြာမြင့်စွာ ထိတွေ့မှုရှိခြင်း” ၏ ဥပမာတစ်ခုမှာ အိမ်ထောင်စုတစ်ခုတည်း၌ အတူနေထိုင်ခြင်း သို့မဟုတ် တစ်ရင်းတစ်နှီး (အားပါးတရ) နှုတ်ခမ်းဖြင့် နမ်းခြင်းဖြစ်သည်။ မယ်နင်ဂို ကော့ကလ် ဘက်တီးရီးယားပိုးသည် လူတစ်ဦးနှင့်တစ်ဦးအကြား လွယ်ကူစွာ ကူးလူးပျံ့နှံ့ခြင်း မရှိသည့်အပြင် လူ့ခန္ဓာကိုယ်၏ပြင်ပ၌လည်း ကောင်းစွာ မရှင်သန်နိုင်ပါ။

### ကာကွယ်ဆေးများသည် မည်သို့အလုပ်လုပ်သနည်း။

ကာကွယ်ဆေးများသည် အချို့သော ရောဂါကူးစက်မှုများအား တိုက်ဖျက်ရန် ခန္ဓာကိုယ်၏ ရောဂါခုခံကာကွယ်မှုစနစ်ကို အစပျိုးပေးလိုက်သည်။ ကာကွယ်ဆေး ထိုးထားသူသည် ထိုရောဂါကူးစက်မှုများရှိလာလျှင် သူတို့၏ ရောဂါခုခံကာကွယ်မှု စနစ်က ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်ပြီး ရောဂါကြီးထွားလာခြင်းကို တားဆီးသည်၊ သို့မဟုတ် ရောဂါ၏ပြင်းထန်မှုကို လွန်စွာပင် လျော့ကျစေသည်။

## မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေးသည် မည်မျှ အကျိုးထိရောက်မှုရှိသလဲ။

မယ်နင်ဂို ကော့ကလ် ACWY တွဲစပ်ကာကွယ်ဆေး တစ်ကြိမ်ထိုး ဆေးပတ်ပမာဏသည် ဤလေးခုသော ရောဂါအမျိုးအစားများအား ကာကွယ်တားဆီးရာတွင် အကျိုးထိရောက်မှု အလွန်ရှိသည်။ ဤကာကွယ်ဆေးသည် မယ်နင်ဂို ကော့ကလ် B ရောဂါအမျိုးအစားကို မကာကွယ်ပေးနိုင်ပါ။

## မည်သူများ ကာကွယ်ဆေး <u>ထိုးနှံသင့်သနည်း။</u>

အလယ်တန်းကျောင်း တက်နေကြသော 10 တန်း ကျောင်းသူကျောင်းသားများ အားလုံး၊ အင်္ဂလိပ်စာအထူးသင်ဌာနများကို တက်ရောက်နေကြသော 15 နှစ်မှ 19 နှစ်အရွယ် ကျောင်းသူကျောင်းသားများအားလုံးတို့ကို မယ်နင်ဂိုကော့ကလ် သွေးရည်ကြည်အုပ်စု A၊ C၊ W နှင့် Y ရောဂါများမှ ကာကွယ်ပေးရန် ကာကွယ်ဆေးထိုးပေးသင့်သည်။

## မည်သူတို့အား ကာကွယ်ဆေး <u>မထိုးပေးသင့်သနည်း။</u>

မယ်နင်ဂို ကော့ကလ် ACWY ကာကွယ်ဆေးကို အောက်ပါတို့ကြောင့် anaphylaxis (ခန္ဓာကိုယ်တွင်းတုံ့ပြန်မှု လွန်ကဲခြင်း) ဖြစ်ခဲ့ဘူးကြသူများအား မထိုးပေးသင့်ပါ။

- ယခင်က မယ်နင်ဂို ကော့ကလ် ရောဂါ ကာကွယ်ဆေး ဆေးထိုးပတ် ပမာဏ ထိုးနှံခဲ့ပြီးနောက် ဖြစ်ရခြင်း
- ကာကွယ်ဆေး အစိတ်အပိုင်း တစ်စုံတစ်ရာကြောင့် ဖြစ်ရခြင်းတို့ဖြစ်သည်။

Diphtheria toxoid (ဆုံဆို့နာအတွက် အဆိပ်ဖြေထားသော ကာကွယ်ဆေး) အား အလွန်အမင်း ဒဏ်မခံနိုင်သူများကိုလည်း မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေးကို မထိုးပေးသင့်ပါ။

## ခန္ဓာကိုယ်တွင်းတုံ့ပြန်မှုလွန်ကဲခြင်း ဆိုသည်မှာ အဘယ်နည်း။

ခန္ဓာကိုယ်တွင်းတုံ့ပြန်မှုလွန်ကဲခြင်း (Anaphylaxis) ဆိုသည်မှာ ပြင်းထန်သော ခန္ဓာကိုယ်တွင်းတုံ့ပြန်မှုဖြစ်ပြီး လျင်မြန်စွာမကုသပါက သတိမေ့ခြင်းနှင့် သေဆုံးခြင်း ဖြစ်နိုင်သည်။

မည်သည့်ကာကွယ်ဆေးမျိုးမဆို အထိုးခံရပြီးနောက် ဤဖြစ်ရပ်မျိုး ဖြစ်ခြင်းမှာ လွန်စွာရှားပါးသည်။ ကျောင်း၌ ကာကွယ်ဆေးထိုးပေးသော သူနာပြုများသည် ခန္ဓာကိုယ်တွင်းတုံ့ပြန်မှု လွန်ကဲခြင်းကို ကုသရန် ပြည့်စုံစွာ သင်ကြားလေ့ကျင့်ထားကြသည်။

## ကျွန်ုပ်၏ကလေးအား မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေး ကို ထိုးနှံခဲ့ပေးပြီးပြီ မဟုတ်လား။

အသက် 12 လ အရွယ်ကလေးများအတွက် မယ်နင်ဂိုကော့ကလ် ACWY ရောဂါကာကွယ်ဆေးကို နိုင်ငံတော်ကာကွယ်ဆေးထိုးရေးအစီအစဉ်၌ ဇူလိုင်လ 2018 ခုနှစ်မှစတင်၍ ထည့်သွင်းလိုက်ပါပြီ။ သင့်ကလေးသည် မယ်နင်ဂိုကော့ကလ် C ရောဂါကိုသာ ကာကွယ်ပေးသည့် မယ်နင်ဂိုကော့ကလ် C ကာကွယ်ဆေးကို ယခင်က ထိုးနှံခဲ့ဘူးဖွယ်ရှိမည်။

သတ်မှတ်ထားသော ရောဂါပြဿနာများ (ဥပမာ၊ သရက်ရွက် မရှိခြင်း သို့မဟုတ် ကိုယ်ခံအား ချို့တဲ့ခြင်း) ရှိကြသော ကျောင်းသူကျောင်းသား အနည်းစုအား ဤကာကွယ်ဆေးကို ယခင်က ထိုးနှံပေးခဲ့ဖွယ်ရှိမည်။ အကယ်၍ ထိုသို့ဖြစ်လျှင်၊ သင့်ကလေးအား အားမြှင့်ပေးဆေးထိုးရန် အချိန်ကျပြီဖြစ်ပါက၊ ကျေးဇူးပြု၍ သင့် မိသားစု ဆရာဝန် သို့မဟုတ် အထူးကု ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပါ။

## ကျွန်ုပ်၏ကလေးသည် မယ်နင်ဂို ကော့ကလ် C ရောဂါ ကာကွယ်ဆေး ထိုးပြီးသားဖြစ်သည်။ မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေးကို ထိုးနှံလျှင် ဘေးအန္တရာယ်ကင်းမည်လား။

ကလေးအများစုသည် ကလေးသူငယ်ဘဝတွင် မယ်နင်ဂို ကော့ကလ် C ရောဂါ ကာကွယ်ဆေးကို ထိုးနှံခံခဲ့ပြီးသားဖြစ်မည်။

အချို့နိုင်ငံများ၌ ကြီးကောင်ဝင်အရွယ်တွင် အားမြှင့်ပေးဆေး ထိုးပေးရန် အကြံပြုကြပြီး၊ ဤ ACWY ရောဂါ ကာကွယ်ဆေးသည် မယ်နင်ဂို ကော့ကလ် C ရောဂါကို ကာကွယ်ရန်အတွက် အားမြှင့်ပေးဆေး၏ ဆေးပတ်ပမာဏ ဖြစ်လိမ့်မည့်အပြင်၊ A၊ W နှင့် Y အမျိုးအစားများတို့အားလည်း ကာကွယ်ပေး လိမ့်မည်။ အချို့ကလေးများသည် No Jab, No Pay (ကာကွယ်ဆေးမထိုးခံလျှင် ထောက်ပံ့ကြေးမရ ဟူသော မူဝါဒ) အတိုင်း အမီလိုက် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်၏ အစိတ်အပိုင်းအဖြစ်၊ 2015 မှ 2018 ခုနှစ်အထိ မယ်နင်ဂို ကော့ကလ် C ရောဂါ ကာကွယ်ဆေး ဆေးပတ်ပမာဏတစ်ခုကို ထိုးနှံခံခဲ့ပြီးသားဖြစ်မည်။ ယခုအခါ၌ မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေး ဆေးပတ်ပမာဏတစ်ခုကို ထိုးရန်မှာ ဘေးအန္တရာယ်ကင်းပါသည်။ ရောဂါအမျိုးအစားများအားလုံးကို အကောင်းဆုံးသောနည်းဖြင့် ကာကွယ်ရန်အတွက် ဆေးပတ်ပမာဏ တစ်ခုနှင့်တစ်ခုအကြား အနည်းဆုံး 4 ပတ်ခြား၍ အချိန်ပေးလျှင် ပိုပြီး သင့်လျော်ပါသည်။

## သင့်အနေနှင့် ဤကာကွယ်ဆေးထိုးရန် လိုအပ်နိုင်သော အခြား ဘာအကြောင်းအရာများ ရှိသေးသလဲ။

ဤကာကွယ်ဆေးကို ဟဂျ် ဘုရားဖူး ခရီးသည်များအပါအဝင်၊ မယ်နင်ဂို ကော့ကလ် ရောဂါနှင့် ထိတွေ့နိုင်သည့် အန္တရာယ် ပိုမိုကြီးမားသည့်အရပ်ဒေသများသို့ ခရီးထွက်ရန် စီစဉ်နေကြသူများအားလည်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ဤကာကွယ်ဆေးကို အဏုဇီဝဗေဒဆိုင်ရာ ဓာတ်ခွဲခန်း၌ အလုပ်လုပ်ကြသူများ ကဲ့သို့သော သတ်သတ်မှတ်မှတ် အလုပ်အကိုင်လုပ်နေကြသူများ နှင့် သရက်ရွက် မရှိခြင်းကဲ့သို့သော သတ်သတ်မှတ်မှတ် ဆေးပိုင်းဆိုင်ရာ ပြဿနာရှိသူများအား လည်း အကြံပြုအပ်တိုက်တွန်းအပ်ပါသည်။

## မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေးအတွင်း၌ မည်သည့် အဖြည့်ပစ္စည်းများပါရှိသလဲ။

ကာကွယ်ဆေးတွင် sucrose ဆူးကရို့စ်၊ trometamol တြိုမီတာမောလ် နှင့် sodium chloride ဆိုဒီယမ် ကလိုရိုဒ်တို့ ပါနိုင်ဖွယ်ရှိသည်။ အဖြည့်ပစ္စည်းများကို ကာကွယ်ဆေးအား အစွမ်းရှိစေရေးတွင် ထောက်ကူမှုအဖြစ်သော်လည်းကောင်း၊ တာရှည်ခံစေရန်အတွက်သော်လည်းကောင်း၊ ကာကွယ်ဆေး များတွင် ပမာဏအားဖြင့် အလွန်အနည်းငယ်မျှသာ ထည့်ထားခြင်းဖြစ်သည်။

## ကာကွယ်ဆေးများသည် မည်မျှ ဘေးအန္တရာယ်ကင်းသနည်း။

ဩစတြေးလျားရှိ ကာကွယ်ဆေးများသည် အလွန်ဘေးအန္တရာယ်ကင်းပြီး ကုထုံးဆိုင်ရာ ကုန်စည်များ အုပ်ချုပ်ရေးအဖွဲ့ (TGA) မှ သုံးစွဲရန်အတွက် ခွင့်မပြုမီ အလွန်တင်းကျပ်သော ဘေးအန္တရာယ်ကင်းကြောင်း စမ်းသပ်ချက်ကို ဖြတ်ကျော်ရသည်။ ထို့အပြင် ကုထုံးဆိုင်ရာ ကုန်စည်များ အုပ်ချုပ်ရေးအဖွဲ့သည် ကာကွယ်ဆေးများ စတင်အသုံးပြုသည်နှင့်အမျှ ၎င်းတို့၏ ဘေးအန္တရာယ်

ကင်းရှင်းမှုကို TGA က စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

## မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးများကား ဘာလဲ။

ဘေးထွက်ဆိုးကျိုးများမှာ သာမန်အားဖြင့် အသင့်အတင့်သာရှိပြီး များသောအားဖြင့် ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း သို့မဟုတ် နာကျင်ခြင်း၊ ရောင်ကိုင်းခြင်း နှင့် နီမြန်းခြင်းတို့ပါဝင်သည်။ ဆေးထိုးခဲ့သောနေရာတွင် ဓာတ်မတည့်ခြင်းများသည် သာမန်အားဖြင့် 2 ရက်မှ 3 ရက်အတွင်း ပျောက်ကင်းသွားတတ်ပါသည်။ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများမှာ အလွန်ရှားပါးသည်။

ကာကွယ်ဆေးနှင့် ပတ်သက်သည့် ဘေးထွက်ဆိုးကျိုးများ၏ နောက်ထပ် သိကောင်းစရာများကို Consumer Medicine Information (CMI) (သုံးစွဲသူများအတွက် ဆေးဝါးဆိုင်ရာ အချက်အလက်များ) ပါရှိသော www.health.nsw.gov.au/schoolvaccination ၌ ရယူနိုင်ပါသည်။

ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်လာသော ဘေးထွက်ဆိုးကျိုးများအပေါ် စိုးရိမ်ကြသော မိဘများသည် မိမိတို့၏ အထွေထွေရောဂါကုဆရာဝန်အား ဆက်သွယ်သင့်ပြီး ဆရာဝန်ကလည်း ဒေသခံ လူထုကျန်းမာရေးဌာနစိတ်ကို သတင်းပို့သင့်သည်။

## ကိုယ်ဝန်ရှိနေသော သို့မဟုတ် ကိုယ်ဝန်ရှိနိုင်သည်ဟု ထင်နေသော ကျောင်းသူကို ကာကွယ်ဆေးထိုးပေးသင့်ပါသလား။

မထိုးပေးသင့်ပါ။ ကိုယ်ဝန်ရှိနေသော သို့မဟုတ် ကိုယ်ဝန်ရှိနိုင်သည်ဟု ထင်နေသော မည်သည့် ကျောင်းသူအားမဆို ကာကွယ်ဆေးမထိုးပေးသင့်ပါ။ ကျောင်းဆေးပေးခန်းနေ့တွင် ကာကွယ်ဆေးထိုးမည့် သူနာပြုသည် ကျောင်းသူများအား ကိုယ်ဝန်ရှိနေသလား သို့မဟုတ် ကိုယ်ဝန်ရှိနိုင်သလားကို မေးမြန်းလိမ့်မည်။ အကယ်၍ ကျောင်းသူသည် ရှိပါသည်ဟု ဖြေပါက သူမကို ကာကွယ်ဆေးထိုးပေးမည်မဟုတ်ပါ။ ကျောင်းသူအား သူမ၏ မိဘ/အုပ်ထိန်းသူနှင့် ချက်ချင်း တိုင်ပင်ဆွေးနွေးရန်နှင့် ကျန်းမာရေးဆိုင်ရာအကူအညီ ရယူရန် တိုက်တွန်းလိမ့်မည်။ အကြံဉာဏ်၊ အထောက်အကူနှင့် ညွှန်ကြားချက်ပေးမည့် ကျန်းမာရေးဆိုင်ရာ ရည်ညွှန်းပေးသည့် ဝန်ဆောင်မှု၏ ဆက်သွယ်ရန်အသေးစိတ်ကိုလည်း သူမကို ပေးလိမ့်မည်။

## အကယ်၍ ကျွန်ုပ်၏ကလေးတွင် ရင်ကျပ်ရောဂါရှိပြီး ကော်တီဆုန်း (cortisone) သို့မဟုတ် ပရက်နီဆုန်း (prednisone) ကို ရှူဆေးဖြင့် ရှူနေရပါက ဘာဖြစ်မည်နည်း။

ရင်ကျပ်ရောဂါရှိသူအနေနှင့် မည်သည့်ဆေးကိုသုံးနေစေကာမူ မယ်နင်ဂို ကော့ကလ် ACWY ရောဂါ ကာကွယ်ဆေးကို ဘေးအန္တရာယ်ကင်းစွာ ထိုးနိုင်သည်။

## အကယ်၍ သူနာပြုများ ကျောင်းသို့လာရောက်သောနေ့တွင် ကျွန်ုပ်၏ကလေးသည် ဖျားနာမှုကြောင့် သို့မဟုတ် ကျောင်းပျက်ခြင်းကြောင့် ကျောင်းတွင် ကာကွယ်ဆေးထိုးရန် လွတ်သွားလျှင် ကျွန်ုပ် ဘာလုပ်ရမည်လဲ။

ကျောင်းတွင် ကာကွယ်ဆေးထိုးရန် လွတ်သွားခဲ့ပါက တတ်နိုင်သမျှ အမြန်ဆုံး အမီလိုက် ဆေးထိုးသင့်ပါသည်။ ကာကွယ်ဆေးထိုးခြင်းကို စီစဉ်ရန်အတွက် မိဘများသည် မိမိတို့၏ ဒေသခံ အထွေထွေကု ဆရာဝန် သို့မဟုတ် ဆေးဖော်စပ် ရောင်းချသူထံ ဆက်သွယ်သင့်သည်။

## ကာကွယ်ဆေးထိုးမှတ်တမ်းများကို ကျွန်ုပ်မည်ကဲ့သို့ ရယူနိုင်မည်နည်း။

သင့်ကလေး၏ ကာကွယ်ဆေးများထိုးထားခြင်းဆိုင်ရာ အချက်အလက်များကို ဩစတြေးလျား ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ မှတ်ပုံတင်စာရင်း (AIR) အတွင်းသို့ ထည့်သွင်းပေးပါမည် ဤသို့ပြုလုပ်ခြင်းအားဖြင့် ၎င်းကို သင့်ကလေး၏ လက်ရှိကာကွယ်ဆေးထိုးမှတ်တမ်းနှင့် ချိတ်ဆက်ပေးနိုင်ပါမည်။

မိဘများသည် မိမိကလေး အသက် 14 နှစ်အရွယ်ပြည့်သည်အထိ မည်သည့်အချိန်၌မဆို ကလေး၏ AIR ကာကွယ်ဆေးထိုးမှတ်တမ်း ထုတ်ပြန်ချက်မိတ္တူကို တောင်းခံနိုင်ပြီး အသက် 14 နှစ်အထက် ကျောင်းသူကျောင်းသားများမှာ မိမိတို့၏ ကာကွယ်ဆေးထိုမှတ်တမ်း ထုတ်ပြန်ချက်မိတ္တူကို အောက်ပါအတိုင်း တောင်းခံနိုင်ပါသည်။

- myGov my.gov.au/ အက်ပ် Medicare အွန်လိုင်းစာရင်းကို အသုံးပြုခြင်း
- Medicare Express Plus App အက်ပ် servicesaustralia.gov.au/express-plus-mobile-apps ကို အသုံးပြုခြင်း
- AIR အထွေထွေစုံစမ်းရေးဖုန်းလိုင်း **1800 653 809** ကို ဖုန်းဆက်ခြင်းတို့ဖြစ်ပါသည်။

## ကျွန်ုပ်ကလေး၏ သတင်းအချက်အလက်က ဘာဖြစ်သွားမလဲ။

သဘောတူညီချက်ပုံစံတွင် သင်ပေးသည့်အချက်အလက်များသည် နယူးဆောက်သ်ဝေးလ်စ်နှင့် နိုင်ငံတော်ဥပဒေတွင်ပါဝင်သော တင်းကျပ်သည့် လျှို့ဝှက်မှုနှင့် ကိုယ်ရေးလွတ်လပ်ခွင့်ကာကွယ်ပေးမှုများအောက်တွင် အကျုံးဝင်သည် (ပူးတွဲပါရှိသော ကိုယ်ရေးလွတ်လပ်ခွင့် ကြေငြာစာတမ်း၌ကြည့်ပါ)။ သတင်းအချက်အလက်များကို နယူးဆောက်ဝေးလ်စ် ကျန်းမာရေးဌာန ကာကွယ်ဆေးထိုးမှတ်တမ်း၌ ထည့်သွင်းလိမ့်မည်ဖြစ်ပြီး ထိုနောက်တွင် သင့်ကလေး၏ လက်ရှိ ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ မှတ်တမ်းနှင့် ချိတ်ဆက်ပေးရန်အတွက် Australian Immunisation Register (AIR) (ဩစတြေးလျား ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ မှတ်ပုံတင်စာရင်း) ၌ ထည့်သွင်းပေးမည်ဖြစ်သည်၊ ထိုသို့လုပ်ခြင်းအားဖြင့် သင့်ကလေး၏ လက်ရှိကာကွယ်ဆေးထိုးခြင်းဆိုင်ရာမှတ်တမ်းနှင့် ချိတ်ဆက်ပေးနိုင်မည်ဖြစ်ကာ MyGov တွင် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

## ကျောင်း၌ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို ပိုမိုရရန် မည်သည့်နေရာတွင် ရှာရမည်နည်း။

သတင်းအချက်အလက် ပိုမိုရနိုင်သည့် နည်းလမ်းများမှာ

- နယူးဆောက်သ်ဝေးလ်စ် ကျန်းမာရေးဌာန၏ ဝက်ဘ်ဆိုက်တ် www.health.nsw.gov.au/schoolvaccination ၌ ကြည့်ရှုခြင်း
- သင်၏ ဒေသခံ ပြည်သူ့ကျန်းမာရေးဌာန စိတ်ကို ဖုန်း **1300 066 055** ၌ ဆက်သွယ်ခြင်းတို့ဖြစ်ပါသည်။

Burmese

# မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေးထိုးခံရန်အတွက် သဘောတူညီချက်

မိဘ/အုပ်ထိန်းသူ ဖြည့်စွက်ရန်။ **အနက်** သို့မဟုတ် **အပြာရောင်** ဘောပင်ကို သုံးပြီး စာလုံး**ကြီး**ဖြင့် ရေးပါ။

NSW GOVERNMENT

## 1. ကျောင်းသား၏ အသေးစိတ် အချက်အလက်များ

မျိုးရိုးအမည်

ကင်ပွန်းတပ်အမည်

မွေးနေ့သက္ကရာဇ် __ __ / __ __ / 2 0 __ __

လိင် ☐ ကျား ☐ မ ☐ တိကျစွာ မသတ်မှတ်ထားပါ/ လိင်စိတ် နှစ်မျိုးလုံးရှိသည်/ သတ်မှတ်ချက် မရှိပါ

အတန်း

ကျောင်း၏အမည်

မယ်ဒီကဲ (Medicare) အမှတ်

☐ မယ်ဒီကဲ (Medicare) ကတ် ပေါ်ရှိ သင့်ကလေး၏ အမည် ဘေးနားမှ နံပါတ်

## 2. ဒေသနှင့်ပတ်သက်သောဇာတိ အနေအထား

☐ မဟုတ်ပါ ☐ ရှေးပဝေသဏီကနေသော တိုင်းရင်းသား (Aboriginal) ဖြစ်သည် ☐ တောရက်စ် ရေလက်ကြားကျွန်းသား (Torres Strait Islander) ဖြစ်သည် ☐ ရှေးပဝေသဏီကနေသော တိုင်းရင်းသား နှင့် တောရက်စ် ရေလက်ကြားကျွန်းသား နှစ်ခုလုံး ဖြစ်သည်

## 3. သင်၏ အသေးစိတ် အချက်အလက်များ - မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ

မယ်နင်ဂို ကော့ကလ် ACWY ကာကွယ်ဆေး၏ အကျိုးကျေးဇူးများ နှင့် ဖြစ်နိုင်ဖွယ် ဘေးထွက်ဆိုးကျိုးများအကြောင်း ဖော်ပြထားသည့် သတင်း အချက်အလက်ကို ကျွန်ုပ်အနေဖြင့် ဖတ်ရှုနားလည်ပြီး ဖြစ်သည်။

အထက်တွင် နာမည်ညွှန်းထားသည့် ကျွန်ုပ်၏ကလေးအနေဖြင့် ဆေးပတ်ပမာဏ တစ်ကြိမ်ထိုးရမည့် မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေးကို ခံယူရန် ကျွန်ုပ်သဘောတူညီပါသည်။

သိရှိသမျှအားလုံးပေါ် အခြေခံ၍ ကျွန်ုပ်အလေးအနက် ပြောသည်မှာ ကျွန်ုပ်၏ကလေးသည်

1. မည်သည့်ကာကွယ်ဆေးမဆို သောက်သုံးပြီးနောက် ခန္ဓာကိုယ်တွင်းတုန့်ပြန်မှု လွန်ကဲခြင်း မဖြစ်ဖူးပါ။
2. ပူးတွဲထည့်ထားသည့် မိဘများအတွက် သတင်းအချက်အလက်များ စာစောင်တွင် ဖော်ပြထားသော မည်သည့်ကာကွယ်ဆေး အစိတ်အပိုင်း များနှင့်မှ ခန္ဓာကိုယ်တွင်း တုန့်ပြန်မှု လွန်ကဲလွယ်ခြင်းမျိုး မရှိပါ။
3. ကိုယ်ဝန်မရှိပါ။

မိဘ/အုပ်ထိန်းသူ အမည် (ဥပမာ. JOHN SMITH)

အိမ်လိပ်စာ (ဥပမာ. 5 SMITH LANE)

ရပ်ကွက်

စာပို့သင်္ကေတ

မိုဘိုင်း နံပါတ်

ဆက်သွယ်ရန် အကောင်းဆုံး အခြားနံပါတ် (ဒေသနံပါတ်ကို ထည့်သွင်းပါ၊ ဥပမာ၊ 02)

အီးမေးလ် လိပ်စာ

မိဘ/အုပ်ထိန်းသူ၏ လက်မှတ်

x

ရက်စွဲ __ __ / __ __ / 2 0 __ __

ဥပမာသာ ဖြစ်သည်

NSW GOVERNMENT

# မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေးထိုး မှတ်တမ်း

**မိဘ/အုပ်ထိန်းသူ ဖြည့်စွက်ရန်။** (ဤအသေးစိတ်အချက်အလက်များသည် မယ်ဒီကဲကတ်ပြားတွင် ဖော်ပြထားသည့် အသေးစိတ်အချက်အလက်များနှင့် ကိုက်ညီရမည်)

**ကျောင်းသားအမည်** (ဥပမာ. JANE SMITH)

ရှုံးသုံးအတွက်သာ

**လက်မောင်း**

☐ ဘယ်
☐ ညာ

ကာကွယ်ဆေးထိုးချိန် (၄ နာရီ) ___ ___ : ___ ___

ကာကွယ်ဆေးအသုတ်နံပါတ် _______________

သူနာပြု၏ လက်မှတ်

×

ရက်စွဲ ___ ___ / ___ ___ 2 0 ___ ___

## သူနာပြု၏ မှတ်စု

ကာကွယ်ဆေးမထိုးခြင်း၏ အကြောင်းရင်း

- ☐ လာရောက်ရန်ပျက်ကွက်ခြင်း
- ☐ ငြင်းဆိုခြင်း
- ☐ နေမကောင်းခြင်း
- ☐ လက်မှတ်မပါရှိခြင်း
- ☐ သဘောတူညီချက် ရုပ်သိမ်းခြင်း
- ☐ အခြား

# **မိဘ/အုပ်ထိန်းသူ** မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေးထိုး မှတ်တမ်း

## မယ်နင်ဂို ကော့ကလ် ACWY ရောဂါကာကွယ်ဆေးထိုး မှတ်တမ်း

မိဘ/အုပ်ထိန်းသူ ဖြည့်စွက်ရန်။

**ကျောင်းသားအမည်** (ဥပမာ. JANE SMITH)

ရှုံးသုံးအတွက်သာ

**လက်မောင်း**

☐ ဘယ်
☐ ညာ

ကာကွယ်ဆေးထိုးချိန် (၄ နာရီ) ___ ___ : ___ ___

ကာကွယ်ဆေးအသုတ်နံပါတ် _______________

သူနာပြု၏ လက်မှတ်

×

ရက်စွဲ ___ ___ / ___ ___ ___ ___ ___ ___

## ကာကွယ်ဆေးထိုးပြီး ဘာလုပ်ရမလဲ

- ဤမှတ်တမ်းကို သိမ်းဆည်းထားပါ၊ နောင်တစ်ချိန်တွင် လိုအပ်လာနိုင်သည်။
- သင့်ကလေး၏ ကာကွယ်ဆေးများဆိုင်ရာ အချက်အလက်များကို Australian Immunisation Register (AIR) သို့ အလိုအလျောက် တင်ပို့ပါမည်။ ကာကွယ်ဆေးထိုးပေးသည့် ရက်စွဲအကြောင်းကို သင့်အထွေထွေကုဆရာဝန်အား အကြောင်းကြားရန်မှာ သင့်ဆန္ဒသက်သက်ဖြစ်ပါသည်။

## အကယ်၍ ဆေးထိုးခဲ့သောနေရာတွင် နေရာတွင်း တုန့်ပြန်မှု ဖြစ်ပေါ်ပါက ဘာလုပ်ရမလဲ။

- နာကျင်မှုလျော့ပါးစေရန် ဆေးထိုးထားသည့်နေရာ ပေါ်တွင် စိုစွတ်အေးမြသော အဝတ်ကိုတင်ပါ။
- နာကျင်မှုသက်သာစေရန် ပါရာစီတမော (Paracetamol) သောက်ပါ။
- အရည်များများသောက်သုံးပါ။

**သင့်ကလေးတွင် သင်စိုးရိမ်ရသော ခန္ဓာကိုယ်တွင်းတုန့်ပြန်မှု ဖြစ်ပေါ်ပါက ဒေသခံဆရာဝန်ကို အကြောင်းကြားပါ။**

NSW GOVERNMENT

ဥပမာသာလျှင် ဖြစ်သည်